မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်
STUDENTS &YOUTH CONGRESS OF BURMA
P.O Box 123, Mae Sod, Tak, 63110, Thailand, Email - sycbcongress@gmail.com

# သဘောထား ထုတ်ပြန်ချက်

ရက်စွဲ။ ။ ၂၀၁၄ ခုနှစ် ၊ နိုဝင်ဘာလ၊ ၂၃ ရက်

၁။ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ၊ (၁၉)ရက်နေ့တွင် ကချင်ပြည်နယ်၊ ခယာဘွမ်အခြေစိုက် မြန်မာ့တပ်မတော် ခြေမြန်တပ်ရင်း (၃၈၉)တပ်ဖွဲ့မှ ဝိုင်ကျိုင်ဘွမ်၌ တည်ရှိနေသော ကချင်လွတ်လပ်ရေးတပ်မတော် KIA ၏ အရာရှိ ဗိုလ်လောင်းသင်တန်းကျောင်းအား (၁၀၅)မမဖြင့် ရည်ရွယ်ချက်ရှိရှိ ကြံရွယ်ပစ်ခတ်တိုက်ခိုက်မှုကြောင့် သင်တန်းသား(၂၃)ဦးကျဆုံးခဲ့ပြီး (၂၀)ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည့်အပေါ် မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်မှ ဝမ်းနည်းကြောင်း သဘောထား ထုတ်ပြန်ချက်နှင့်အတူ မြန်မာ့တပ်မတော်၏ လုပ်ရပ်အပေါ် ပြင်းထန်စွာ ရှုတ်ချလိုက်သည်။

၂။ ယခုဖြစ်ရပ်ဆိုးသည် ငြိမ်းချမ်းရေးနှင့် ယုံကြည်မှုတည်ဆောက်ရေး ကြိုးပမ်းနေစဉ်ကာလအတွင်း လုံးဝ မဖြစ်သင့်သော ကိစ္စရပ်များဖြစ်သကဲ့သို့ ယုံကြည်မှုတည်ဆောက်ရေးမှတဆင့် အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးသို့ တက်လှမ်းနိုင်ရေးအတွက် အဟန့်အတားဖြစ်စေနိုင်သည့် လုပ်ရပ်ဖြစ်သည်ဟု ရှုမြင်ပါသည်။

၃။ ဤကဲ့သို့သော ပစ်ခတ်တိုက်ခိုက်မှုများ ရှေ့ဆက်မဖြစ်ပွားစေရန် ခိုင်မာသော အပစ်အခတ်ရပ်စဲရေးနှင့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများ အမြန်ဆုံးပေါ်ပေါက်ရေးအတွက် မြန်မာ့တပ်မတော်အနေဖြင့် အမှန်တကယ်လိုလားသည်ဟု သက်သေပြရန်လိုအပ်ကြောင်း တိုက်တွန်းပါသည်။

၄။ ထို့အတူ ပြည်သူလူထု လိုလားတောင့်တနေသော ငြိမ်းချမ်းရေးဖြစ်စဉ်အား မြန်မာ့တပ်မတော်အနေဖြင့် လမ်းလွဲစေသော လုပ်ရပ်များကိုရှောင်ရှားပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ငြိမ်းချမ်းစွာ တွေ့ဆုံညှိနှိုင်း အဖြေရှာသွားရန် တောင်းဆိုလိုပါသည်။

၅။ မြန်မာ့တပ်မတော်အနေဖြင့် လက်ရှိသမ္မတ ဦးသိန်းစိန်ဦးဆောင်နေသော အစိုးရ၏ ပြုပြင်ပြောင်းလဲရေးနှင့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများမှတဆင့် ငြိမ်းချမ်းစွာအဖြေရှာရေးတို့ကို တပ်မတော်မှ အပြည့်အဝ လိုက်နာဆောင်ရွက်ရန်လို အပ်ကြောင်း ထုတ်ပြန်ကြေငြာအပ်ပါသည်။

မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်

ဆက်သွယ်ရန်။
၁) စောဂျက်ပစီ - အထွေထွေအတွင်းရေးမှူး +၆၆(၀)၈၁၀၄၂၈၃၉၈၊ +၉၅(၀)၉၃၁၆၆၅၃၅၃
၂) မညီညီလင်း - အတွင်းရေးမှူးအဖွဲ့ဝင် + ၈၆(၀) ၁၃၃၇ ၈၈၂၄ ၂၆၀